ပါစကားဒုတိယတနင်္ဂနွေနေ့ ကျမ်းစာထောက်ရှုခြင်း-

ပါစကားဒုတိယတနင်္ဂနွေနေ့ရောက်တိုင် ယောဟန်ကျမ်း - ဂျေရုစလင်မြို့မှာ တပည့်တော်တွေဆီ သခင်ဘုရားထင်ရှားပြတော်မူခြင်းအကြောင်းကို ဖတ်ရှုကြတယ်။ ဧဝံဂေလိကျမ်း ၃ စောင်ကျတော့ ဂျေရုစလင်မြို့အပြင်ဘက်မှာ သခင်ဘုရားထင်ရှားပြတော်မူကြောင်းကို ဖော်ပြပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေမှာ ပထမဦးဆုံး ရှင်ပြန်ထမြောက်ခြင်းနဲ့ပတ်သက်တဲ့ပထမဲ့သက်သေကို တွေ့ခဲ့ရပြီး ဒီအပတ်မှာ ရှင်ပြန်ထမြောက်ခြင်းနဲ့ပတ်သက်တဲ့ဒုတိယသက်သေကို တွေ့ကြရပါတယ်။ (ပထမက ရက်သတ္တပတ်ရဲ့ပထမဦးဆုံးသောနေ့နဲ့ ဒုတိယက ရှစ်ရက်မြောက်သောနေ့)။ တနင်္ဂနွေနေ့နှစ်ခုမှာ ကိုယ်တော်ဟာ တပည့်တော်ကြီးများရဲ့ရှေ့မှာ မိမိကိုယ်တော်ကို ထင်ရှားပြခဲ့ပါတယ်။

တခါးနဲ့ပြတင်းပေါက်တွေပိတ်ထားသည့်တိုင်အောင် ဘယ်လိုပုံမျိုးနဲ့ သခင်ဘုရားက ဝင်လာနိုင်သလဲ-ဘုန်းတော်ဂုဏ်တော်နဲ့ပြည့်ဝတဲ့ ခန္ဓာကို ပိုင်ဆိုင်ထားလို့ဘဲဖြစ်ပါတယ်။

ဒီအပတ်တနင်္ဂနွေနေ့ရဲ့ ဦးတည်ချက် (ရည်ရွယ်ချက်) ၃ ရပ်-

၁-မိမိကိုယ်ကိုထင်ရှားပြခြင်း

၂-မိမိတပည့်တော်ကြီးများရဲ့ ပြန်လည်တုံ့ပြန်မှု

၃-မစ်ရှင်- လုပ်ဆောင်ရမည့်အရာများဘဲ ဖြစ်ပါတယ်။

၁=တနင်္ဂနွေနေ့နှစ်ခု၊ တပည့်တော်တွေရဲ့ရှေ့မှာ နီးနီးကပ်ကပ် ထင်ရှားပြခဲ့တယ်။ တံခါးနဲ့ပြတင်းပေါက်တွေပိတ်ထားတဲ့အချိန်၊ (ကျမ်းစာအရ သူတို့ကဂျူးလူမျိုးတွေကို ကြောက်လို့တဲ့)- တကယ်တော့ သူတို့ရဲ့ကြောက်စိတ်ကို ဖယ်ရှားပြီး သူတို့ရဲ့ ရှင်ပြန်ထမြောက်ပြီးသော သခင်အပေါ် ယုံကြည်ခြင်းကို ခိုင်မာစေဘို့ ဖြစ်ပါတယ်။ တဖက်မှာ ငြိမ်းချမ်းသာယာခြင်းကျေးဇူးတော်ကိုပေးတယ်။ ဒီငြိမ်းချမ်းသာယာခြင်းကျေးဇူးတော်ကို ကျွန်ုပ်တို့ခံစားကြရဲ့လား။ မိသားစုထဲမှာ၊ အလုပ်အကိုင်နေရာမှာ၊ ကျွန်ုပ်တို့ရဲ့ဘဝမှာ။။။ ငြိမ်းချမ်းသာယာခြင်းရှိခြင်းဟာ

ဘာကိုဖော်ပြသလဲဆိုရင် ကျွန်ုပ်တို့ရဲ့စိတ်နှလုံးစိတ်ဝိညာဉ်ဟာ မှန်ကန်သောနေရာမှာ ရှိနေခြင်းဘဲဖြစ်ပါတယ်။

၂–မိမိတပည့်တော်ကြီးများရဲ့ ပြန်လည်တုံ့ပြန်မှု

အပတ်စဉ်ရဲ့ပထမဦးဆုံးသော တနင်္ဂနွေမှာ တပည့်တော် ၁၀ ပါးဆီ သခင်ဘုရားထင်ရှားပြတယ်။ အမှောင်ကမ္ဘာမှ အလင်းတရားဆီသို့ သူတို့တွေကြုံခဲ့ကြရပါတယ်။ ကြောက်ရွံ့ခြင်းမှာ ယုံကြည်ခြင်း၊ အနားမရခြင်း မောပန်းခြင်းမှာ ငြိမ်သက်သာယာခြင်းရှိသောအခြေအနေသို့၊

တခါ– ၈ ရက်မြောက်သောနေ၊ တပည့်တော်များ တနင်္ဂနွေနေ့မှာစုရုံးကြတဲ့အချိန်၊ ကိုယ်တော်ထင်ရှားပြတယ်–သောမတ်တွေ့တယ်။ သခင်ဘုရား၌ယုံကြည်တယ်။ သောမတ်ဟာ စိတ်ဇဝေဇဝါဖြစ်တဲ့ ခရစ်ယာန်များကို ကိုယ်စားပြုတယ်။ နောက်တော့ သခင်ဘုရား၌ယုံကြည်လာခဲ့ကြတယ်။ မမြင်ဘဲယုံကြည်သူတို့မင်္ဂလာရှိ၏။ သခင်မိန့်ဆိုခဲ့တယ်။ ၁၀ ဦးထဲမှာလား၊ သောမတ်ကဲ့သို့လား၊ မမြင်ဘဲယုံတဲ့လူတွေထဲမှာ ပါသလား။ ဆင်ခြင်စရာ။

၃–မစ်ရှင်– လုပ်ဆောင်ရမည့်အရာများဘဲ ဖြစ်ပါတယ်။

မိမိကိုယ်ကိုထင်ရှားပြခြင်းဟာ တပည့်တော်တွေရဲ့ ယုံကြည်ခြင်းကို ခိုင်မာစေဘို့နဲ့ သူတို့ဟာ ဒိဝမ်းမြောက်ရာ သတင်းကို ရဲဝံ့စွာဖြန့်ဝေဘို့– မစ်ရှင်– စေလွှတ်လိုက်ဘို့ဖြစ်တယ်။ သူတို့အပေါ် ဝိညာဉ်တော်ကို မှုတ်သွင်းခြင်းအားဖြင့် သူတို့ရဲ့ခွန်အားကို အသစ်တဖန်ဖြစ်စေတယ်။ ပို့ပြီးခွန်အားကို ပြည့်ဝစေခဲ့တယ်။ ကမ္ဘာဦး ၂း၇ ကို ပြန်လည်သတိရစေပါတယ်။ ဘုရားက လူဆီကို မိမိရဲ့အသက်ဝိညာဉ်ကို မှုတ်သွင်းလိုက်တဲ့အကြောင်း။

ပထမဦးဆုံးမစ်ရှင်ကတော့ အပြစ်ကို အခွင့်ချမ်းသာပေးခြင်းဖြစ်ပါတယ်။ သူကို ကားတိုင်တင်တဲ့သူများကို အပြစ်ဖြေလွှတ်ဘို့၊ အပြစ်အခွင့်လွှတ်ပြီး ငြိမ်းချမ်းခြင်းကို ရရှိစေဘို့အချက်များကို သတိရစေပြီးသင်ကြားပြဘို့–ဘာလို့လဲဆိုရင် သခင်ဘုရားဟာ ငြိမ်းချမ်းခြင်းရဲ့အရှင်သခင်ဖြစ်လို့။ ထိုမစ်ရှင်ကိုလဲ ကျွန်ုပ်တို့ရရှိကြပါတယ်။

သောမတ်က ကိုယ်တော်ရဲ့ ဒဏ်ရာများကို ထိတွေ့ဘို့ ဖိတ်ခေါ်ခြင်းခံရပါတယ်။ ဒါပေမဲ့ သူကိုယ်တိုင်သွားရောက်ထိတွေ့တယ် မထိဘူးဆိုတာကျတော့ ရှင်းလင်းစွာ မသိရပါဘူး။ နောက်ဆုံးတော့ ကိုယ်တော်ဟာ ခရစ်တော်ပါ။ လို့ ရိုးရိုးလေးနဲ့ ဝန်ခံတာမျိုးမဟုတ်ဘဲ– ကျွန်ုပ်ရဲ့သခင် ကျွန်ုပ်ရဲ့ဘုရား ဆိုပြီးဝန်ခံခဲ့ပါတယ်။ ဒါဟာ ကြီးမားတဲ့ယုံကြည်ခြင်းအပေါ် အခြေခံတဲ့ ဝန်ခံခြင်းဖြစ်ပါတယ်။ ဒါဟာ သူ့ရှေ့မှာရှိနေတဲ့ ခရစ်တော်ဘုရားကို ရိုးရိုးသာမန်မျက်စေ့နဲ့မြင်တာမျိုးမဟုတ်ဘဲ ယုံကြည်ခြင်းမျက်စေ့နဲ့မြင်နေတာကို ဖော်ပြခြင်းဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းဟာ ကျွန်ုပ်တို့ရဲ့နေ့စဉ်ဘဝမှာ တွေ့ကြုံဖြတ်သန်းရတဲ့ ဘဝရဲ့အတွေ့အကြုံတွေမှာ သခင်ဘုရားကိုမြင်တွေ့နိုင်ဘို့အတွက် ကိုယ်တော်ရဲ့စိတ်နေစိတ်ထားနဲ့ပြည့်ဝတဲ့လူတိုင်းဆီမှာ၊ ကျွန်ုပ်တို့ဆီကို ကိုယ်တော်ဘုရားရောက်ရှိလာအောင် သယ်ဆောင် ခေါ်ဆောင်လာပေးတဲ့သူတိုင်းဆီမှာ ကိုယ်တော်ကိုမြင်တွေ့နိုင်ပါတယ်။ ဒါအပြင် နာဖျားသူတွေဆီမှာ၊ အားနဲချို့တဲ့နေတဲ့လူတွေဆီမှာ၊ ဖိနှိပ်ခံရတဲ့လူတွေဆီမှာ၊ ဆင်းရဲနွမ်းပါးသောသူတွေဆီမှာ သခင်ဘုရားကိုမြင်တွေ့နိုင်ပါတယ်။ ဒီလူတွေဟာ ကိုယ်တော်ကို ကျွန်ုပ်တို့မြင်တွေ့နိုင်ဘို့အတွက်၊ ချစ်ခြင်းပြသနိုင်ဘို့အတွက်၊ သနားကြင်နာခြင်းကိုပြသနိုင်ဘို့အတွက် အခွင့်အရေးတွေကို ဖြစ်ပေါ်စေပါတယ်။

ကျွန်ုပ်တို့ရဲ့ဘဝမှာ သခင်ဘုရားကိုသိခြင်းနဲ့မြင်နိုင်ခြင်းဆိုတာ ဘယ်ကနေ ကျွန်ုပ်တို့ဆီကို ကိုယ်တော်ကြွလာသလဲ ဆိုတာကို သိမြင်ဘို့နဲ့ နေ့စဉ်နှင့်အမျှကိုယ်တော်ကို သိမြင်နိုင်တဲ့အခွင့်အရေးတွေအတွက် အဆင်သင့်ဖြစ်ဘို့–ပြီးတော့ကိုယ်တော်ကို သူတပါးဆီရောက်အောင် သယ်ဆောင်သွားနိုင်ဘို့ဖြစ်ပါတယ်။